ရွှေပြည်သိမ်းစာပေ

လုံမ

# အနမ်းတွေနဲ့အသက်ဆက်မယ်




အချစ်
လုံးချင်းဝတ္ထုသစ်

"အား... အား"

အသံကုန်အော်ဟစ်လိုက်သော်လည်း လည်ချောင်းထဲက အသံက အပြင်ကို ထွက်မလာပါလား။ သူဘာဖြစ်တာလဲ။

ဘယ်နေရာရောက်နေတာလဲ။

"ဟင်"

သူ... သူ့မျက်နှာမှာ ပတ်တီးတွေပါလား။ သူ့မျက်နှာကရော ဘာဖြစ်လို့ လဲ။ သူ့လက်မောင်းမှာ လည်း ပတ်တီးနဲ့ ။

နောက်က ကားသံကြားလို့ လှည့်ကြည့်လိုက်တော့ နေ့ဘက်ကြီးမှာ ကားမီးရောင်က စူးခနဲ ခုန်ရှောင်လိုက်မိသလား။ တိုက်မိလိုက်သလား။

လေးပင်မှိတ်ကျနေသော မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်သည် ။

နှာခေါင်းထဲ စူးဝင်လာသောအနံ့။

"ဟာ"

ဒါ... ဒါ ဆေးရုံ။ သူ ဆေးရုံ ရောက်နေတာပေါ့။

ဒါဆို ကားတစ်စီး သူ့ကို တိုက်မိလိုက်တာ သေချာသည် ။ တကယ်ကို တိုက်မိလိုက်သည် ။ ထိုကားက ဘယ်သူ့ကားလဲ။

ဘာကြောင့် တိုက်လိုက်တာလဲ။

နောက်ကကားက လမ်းချိုးထဲကို အရှိန်နဲ့ ချိုးဝင်လာတာဖြစ်မည်။ နီးကပ်နေသော အခြေအနေကြောင့် ဘယ်လိုကားအမျိုးအစားလဲ။ ကားနံပါတ်ဘယ်လောက်လဲ မကြည့်မိနိုင်ခဲ့။

သူ့မျက်နှာ ဘာဖြစ်သွားပြီလဲ။ မျက်နှာတစ်ခုလုံး ရစရာမရှိအောင် စုတ်ပြတ်သတ်သွားလို့ မျက်နှာအပြည့် ပတ်တီးတွေ စည်းထားခဲ့တာလား ။ အသက်ရှူမရပ်သေးတာက မသေသေးလို့ ဆိုတာ သိနေသော်လည်း မျက်နှာက ကြည့်လို့ မရတော့အောင် ဆိုးဝါးသွားမည်ဆိုလျှင် သေတာနဲ့ ဘာထူးဦးမှာ လဲ။

ဒါပေမဲ့ သူ့ဘဝက သေဆုံးခြင်းနဲ့ မထူးတဲ့ ဘဝကို ပိုင်ဆိုင်ထားသူပါ ။ သေရင်တောင် ငိုမည့်သူမရှိ။

အခုလို ဆေးရုံတက်နေရလည်း သတင်းမေးမည့်သူမရှိ။

ဌတစ်လုံး တစ်ကောင်ကြွက်၊ အဖေအမေမရှိ၊ အတွယ်အတာမရှိ။

လေးပင်ကိုင်းရွာလေးက မွေးရပ်မြေ။

ထိုရွာလေးမှာ အမေသေသည် ။ အဖေသေသည် ။

“ဟင်… အဖေ… အမေ”

အဖေရော အမေရော သူ့ကို လက်ယက်ခေါ်နေကြပါလား။ သူတစ်ယောက်တည်း အဖော်မဲ့နေမှာ စိုးလို့ ဖြစ်မည်။

ကျွန်တော်လည်း တစ်ယောက်တည်း မနေချင်ပါဘူး အဖေ။

လူ့ဘဝကြီးကို ရင်ဆိုင်ရတာ ဒုက္ခတွေများ လွန်းလို့ ပါ။ အိပ်စရာနေရာ၊ ဟာနေသောဝမ်းကိုဖြည့်ဖို့ ။

အရမ်းကို ပင်ပန်းလွန်းပါတယ်။ အခု ဒီဒဏ်ရာတွေ၊ ဝေဒနာတွေ ထပ်ပြီး ခံစားရဦးမယ်ဆိုရင်။

အမေ.... အဖေ။ ကျွန်တော့်ကို ခေါ်ပါ။

ကျွန်တော် အရမ်းနာတယ်၊ မခံစားနိုင်အောင် နာတယ်။

မခံစားနိုင်အောင် နာတယ်။

အား... အား... ။

*

## အခန်း (၁)

"မိုးမာန်... မင်းအဖေဆုံးတာလည်း ရက်လည်နေပြီ၊ မင်း ဘာလုပ်မယ်ဆိုတာ စဉ်းစားလို့ မရသေးဘူးလား"

"ကျွန်တော် စဉ်းစားနေပါတယ် ဘကြီးမှူ၊ အဖေက လယ်တွေ၊ ကိုင်းတွေ၊ နွားတွေလည်း ချန်ထားခဲ့နိုင်တာမဟုတ်တော့ ကျွန်တော် ဘာလုပ်ရမှာ လဲ"

"ဟ... ချန်ထားခဲ့တော့ရော မင်းက နုနုဖပ်ဖပ်နဲ့ အကြမ်းပတမ်းလုပ်နိုင်တဲ့ ကောင်မှ မဟုတ်တာ၊ မင်းအဖေက မိတဆိုးလေးဆိုပြီး တောလုပ်တောကိုင် ဘာမှ ခိုင်းခဲ့တာ မဟုတ်ဘူး ။ သူများ ဆီမှာ လယ်စာရင်းငှားလုပ်ပြီး မင်းကို ကျောင်းထားခဲ့တာ၊ ဆယ်တန်းအောင်ပြီးကတည်းက မင်းအဖေ ကျန်းမာရေးမကောင်းလို့ မင်းလည်း တက္ကသိုလ် မတက်နိုင်၊ ဘာအလုပ်မှ လည်း မလုပ်တတ်၊ ခက်တော့ခက်တယ် ငါ့ကောင်ရေ"

ဘကြီးမှူက ဆေးလိပ်ခပ်တုတ်တုတ်ကို ပါးစောင်မှာ ခဲရင်း ခေါင်းတယမ်းယမ်း သက်ပြင်းချနေ၏။

ကိုယ်လည်း ကိုယ့်အနာဂတ်အတွက် ပညာလေးမပြည့်မစုံနှင့် ဘာလုပ်ရမှန်းမသိပါ။

"ကျွန်တော်မြို့ကို သွားချင်တယ် ဘကြီးမှူ"

“ဟ… မင်းက မြို့ကို ဘာသွားလုပ်မှာ လဲ”

“ရေကြည်ရာမြက်နုရာ၊ ဘဝတိုးတက်ရာ တိုးတက်ကြောင်း ရှာကြည့်ရမှာ ပေ့ါ၊ ရွာမှာ လည်း နောက်ဆံတင်းစရာ အနှောင်အဖွဲ့မှ မရှိတာ”

“အေး… မင်းက နဂိုတည်းက မြို့သွားချင်နေတဲ့ ကောင်ပဲ၊ ဒါပေမဲ့ မြို့မှာ က ထမင်းလွယ်လွယ်စားရမှာ မဟုတ်ဘူး ။ တောက ဟင်းကောင်းသာမစားရရင်နေမယ်၊ ထမင်းကတော့ ဘယ်အိမ်တက်စားစား ဖြစ်တယ်၊ ရန်ကုန်တော့ အထင်မကြီးလေနဲ့ ရေတောင်အလကားသောက်လို့ မရဘူး။ တို့ တောမှာ ကောက်ရိုးပုံပေါ်အိပ်မလား၊ နွားတင်းကုပ်ထဲဝင်အိပ်မလား၊ ဘယ်သူ့အိမ်က ကွပ်ပျစ်ပေါ်တက်အိပ်အိပ်ရတယ်၊ မြို့မှာ ကျောတစ်နေရာစာအိပ်ဖို့ ပိုက်ဆံပေးရတာ ငါ့ကောင်”

ဘကြီးမှုံပြောမှ စိတ်ဓာတ်တောင်ကျချင်ချင်။

“ဒီအိမ်လေးကိုရောင်းရင် ဘယ်လောက်ရမှာ လဲ၊ ဘယ်သူကရော ဝယ်မှာ လဲ၊ တို့ ဆီမှာ အပေါဆုံးကမြေပဲလေ၊ ဘယ်နေရာတဲထိုးထိုး အိမ်ဆောက်ဆောက် ဘယ်သူမှ တားဆီးမယ့်သူ ကန့်ကွက်မယ့်သူမရှိဘူး။ အိမ်ဆောက်ဖို့ လည်း မပူရဘူး၊ ထန်းလက်ကာ ဓနိမိုးဖို့ တောထဲသွားခုတ်နေရုံနဲ့ ရတယ်၊ အိမ်တိုင်လုပ်ဖို့ ဝါးပင် ထန်းပင်ရှိတယ်၊ တစ်ရွာလုံး စားစရာသာ မရှိရင် နေမယ်၊ အားလုံးအိမ်ပိုင်တွေနဲ့ ချည်းပဲ၊ အေး … ဒီကပိုင်ဆိုင်တဲ့ အိမ်ကြီးကြီး မြေကျယ်ကျယ်မျိုးသာ ရန်ကုန်မှာ ရောင်းရရင် ချက်ချင်းသူဌေးဖြစ်မှာ ။ အခုမင်းအိမ်က စီမံကိန်းပေါ်လာစရာမရှိဘဲ ဘယ်သူက ဈေးပေးပြီး ဝယ်မှာ လဲ၊ အပေါင်သဘောမျိုးထားချင်ရင်တော့ ရွာလယ်ကမပုကို ငါပြောပေးမယ်၊ မင်းအတိုးတော့ပေးရမှာ ”

“အဲဒီလိုဆိုလည်း အဲဒီလိုလုပ်ပေးပါလား ဘကြီးမှုံရာ၊ လမ်းစရိတ်နဲ့ သုံးစွဲဖို့ ပါရင် အလုပ်ကောင်းကောင်း ရှာချိန်ရတာပေ့ါ၊ မဟုတ်ရင် စား

စရာနေစရာမရှိဖြစ်သွားမှာ ”

“အေး… အဲဒါတော့ ဟုတ်တယ်၊ ဟိုရောက်ရင် စားစရာက တန်းတွေ့မှာ မဟုတ်ဘူး ၊ ကိုယ်ဘာသာ ရှာစားရမှာ ၊ တစ်ခုတော့ ရှိတယ်ကွ ”

“ဟုတ်ကဲ့”

ဘကြီးမှုံစဉ်းစားပြီး ပြောမည့်စကားကို သူစိတ်ဝင်စားကာ နားစွင့်နေမိသည် ။ ဘကြီးမှုံက ဆေးတံကိုချပြီး ရေနွေးတစ်ခွက်ငုံ့သောက်ပြီးမှ

“ဟိုဘက်ရွာက ဦးပဥ္စင်း ဦးဇောတိကကို သိလား”

“ကြားဖူးရုံပဲ ဘကြီးမှုံ၊ ဘာဖြစ်လို့ လဲ”

“ရန်ကုန်တက်စာသင်ရင်းနဲ့ စာချကိုယ်တော်ဖြစ်နေတာကွ၊ မင်းသူငယ်ချင်း မောင်ပုရော မှတ်မိသေးလား”

“မှတ်မိတာပေါ့၊ သူ့ညီတွေ ညီမတွေ ကျောင်းထားဖို့ အတွက် အလယ်တန်းအထိတောင် မနေနိုင်ဘဲ ကျောင်းထွက်လိုက်ရတာ၊ ဖားရှာငါးရှာလုပ်ပြီး အိမ်ကို ထောက်ပံ့ရတယ်ပြောတာပဲ၊ ဟိုတစ်လောက ဒီကောင် ရန်ကုန်ကိုသွားမယ်လို့ လည်း ပြောတယ်”

“အေး … ဒီကောင်က အဲဒီ ဦးဇောတိက အကူအညီနဲ့ ရန်ကုန်ရောက်သွားပြီ၊ ဟိုမှာ ဘာအလုပ် လုပ်တယ်ဆိုလား မသိပါဘူး၊ အိမ်ကိုတောင် ငွေပို့နိုင်ပြီကွ”

“အဲဒီဘုန်းကြီးက အလုပ်သွင်းပေးတာလား”

“အဲဒီလိုတော့ ဘယ်ဟုတ်မလဲ၊ ဘုန်းကြီးကျောင်းဝေယျာဝစ္စလုပ်ပေးရင်း ဆွမ်းကျန် ကွမ်းကျန် စားရမယ်၊ ကျောချစရာ တစ်နေရာ မပူမ

ပင်အိပ်ရမယ်ပေါ့”

“ဟာ … ဟုတ်လား၊ အဲဒါဆို အဆင်ပြေတာပေါ့၊ ကျွန်တော်ကို အဲဒီ ကောင် လိပ်စာပေးပါလား ဘကြီးမှုံ”

“ငါ့မှာ တော့ ဘယ်ရှိမလဲ မင်းလိုအပ်ရင် အကူအညီတောင်းလို့ ရ အောင်တော့ သူ့မိဘတွေဆီ သွားမေးပေးမယ်”

“လုပ်ပါ ဘကြီးမှုံရာ၊ ကျွန်တော်ရန်ကုန်သွားရမှာ ယောင်ချာချာဖြစ် နေတာ၊ အသိအကျွမ်း မရှိရင် ဒုက္ခရောက်မှာ ကတော့ သေချာတယ်၊ ဘကြီးမှုံက ရန်ကုန်ခဏခဏ ရောက်ဖူးတယ်ဆို၊ ကျွန်တော့်ကို လိုက်ပို့ ပါလား”

အားကိုးတကြီး အကူအညီတောင်းမိတာကို ဘကြီးမှုံရယ်သည် ။ သူ့ မှာ တခြားဆွေမျိုးသားချင်း အကူအညီတောင်းစရာမရှိလို့ ပါ။

ဘကြီးမှုံလည်း ကိုယ့်ဆွေမျိုးသားချင်းတော့မဟုတ်။ အိမ်နီးနားချင်း မို့ လူကြီးသူမလို စောင့်ရှောက်ပေးနေတာ။ ငါးနှစ်သားအရွယ်က အမေ က မီးယပ်ရောဂါနှင့်ဆုံးပါးပြီး အဖေက နောက်အိမ်ထောင်မပြုဘဲ သူ့ ကို စောင့်ရှောက်ကျွေးမွေးခဲ့သည် ။

ရ ၀၁မ ၂၁ အလယ်တန်း အထက်တန်းမရှိတာမို့ လူတိုင်းပညာသင်နိုင်ကြတာ မဟုတ်ပေ။ အဖေကတော့ လယ်ပိုင်ယာပို င်မရှိသော်လည်း ပင်ပန်းဆင်းရဲခံကာ အလုပ်လုပ်၍ ကျောင်းထားပေးခဲ့ သည် ။

အခုတော့ ထိုပင်ပန်းခဲ့သည့်ဒဏ်တွေကြောင့် သူလည်း ပညာရေး ဆုံးခန်းမတိုင်။ အဖေလည်း ရောဂါဝေဒနာတွေ သုံးနှစ်နီးပါးခံစားသွား ခဲ့ရသည် ။ သူလည်း ရရာအလုပ်လေးဝင်ပြီး တတ်သလောက် မှတ်သ

လောက်တော့ နောက်ဆုံးတာဝန်ကျေအောင် ပြုစုပေးခဲ့တာပါပဲ။ အခု တော့ အတွယ်အတာကင်းသော သူ့ဘဝက ...

"မိုးမာန်"

"ဗျာ ... ဘကြီးမှူ"

"မင်းက ငါလိုအဘိုးကြီးကို ရန်ကုန်လိုက်ပို့ခိုင်းတယ် ဟုတ်လားကွ"

"ဘကြီးက ရောက်ဖူးတယ်ဆိုလို့ ပါ"

"ရောက်ဖူးတယ်ဆိုတာ လူပျိုဘဝက သင်္ဘောနဲ့ သွားဖူးတာ တစ်ခေါက် နှစ်ခေါက်ပါ၊ နောက် အိမ်ထောင်ကျပြီး အကြီးကောင်အောင်မောင်း ကိုရင်ဝတ်ပေးတုန်းက သင်္ကန်းဝယ်ဖို့ တစ်ခေါက်၊ အငယ်ကောင် မိန်းမတောင်းပေးဖို့ ပစ္စည်းတွေတက်ဝယ်တာ တစ်ခေါက်၊ ဒါပဲ ရောက်ဖူးတာ၊ အခုတော့ ရန်ကုန်မြို့ကြီးက အရင်ကထက် ကြီးကျယ်ခမ်းနားသွားပြီကွ၊ မင်းဟိုရောက်ရင် ပျော်သွားမှာ ပါ"

"ပျော်တာကနောက်မှ အခုလောလောဆယ်တော့ နယ်မြေစိမ်းကို တစ်ယောက်တည်းသွားရမှာ ကြောက်တာပေါ့ ဘကြီးမှူရ"

"မင်း ယောကျ်ား မဟုတ်ဘူး လား၊ တို့ ရွာကလူငယ်တွေ ဒီလိုပဲ မြို့တက်အလုပ်လုပ်နေကြတာ၊ တချို့ဆို မလေးတို့ ထိုင်းတို့ တောင် သွားနေကြတာ မင်းလည်း သိသားနဲ့ ၊ ဘာတဲ့ ကမ္ဘာကြီးက ရွာကြီးတစ်ရွာ ဖြစ်သွားပြီဆိုလား။ ဘာကြောက်စရာရှိလဲ ငါ့ကောင်ရာ"

ဘကြီးမှူက အသက်သာကြီးပေမယ့် လူငယ်တွေလို တက်တက်ကြွကြွပင် ရှိသေးသည် ။ သူသာအမြင်မကျယ်လို့ ကြောက်ကြောက်လန့်လန့် ဖြစ်နေတာ။

ဒါလည်း ဆွေမျိုးသားချင်း မိဘမရှိလို့ သိမ်ငယ်မှုကြောင့် ဖြစ်မှာ ပါ။

အခုတော့ ကိုယ့်ထူးကိုယ်ချွန်ကာ စွန့်စားရပေတော့မည်။

ကိုယ့်ဘဝအတွက် ကိုယ့်ဘာသာရုန်းကန်ရတော့မှာ မဟုတ်ပါလား။

ကိုယ့်မွေးရပ်မြေရွာလေးကို သံယောဇဉ်မကင်းစွာနှင့်ပင်။

*

## အခန်း (၂)

"အစ်ကိုလေး ကားငှားမလား၊ ဘယ်သွားမလဲ"

"လိပ်စာလေးပြော၊ ရောက်အောင်လိုက်ပို့မယ်၊ ဈေးသက်သာစေရမယ်"

"အထုပ်ဆွဲပေးရမလား ညီလေး၊ ပိုက်ဆံပေးစရာမလိုပါဘူး။ အစ်ကိုကားကသန့်တယ်လိုက်မလား။"

အနားမှာ ဝိုင်းအုံနေသော တက္ကစီသမားတွေက လူကို ဆွဲတော့ရှန်းတော့မတတ်ဖြစ်နေသည် ။ ပုဆိုးကို တိုသထက်တိုအောင် ခပ်တင်းတင်းပြင်ဝတ်လိုက်ပြီး ခရီးဆောင်အိတ်ကိုလည်း ဘယ်သူ့လက်ထဲမှ မပါအောင် ရင်ဘတ်မှာ ပိုက်ထားလိုက်သည် ။

"ညီလေး ဘယ်သွားမှာ လဲ ကားမငှားဘူးလား"

"ရှစ်မိုင်ကို ဘယ်လောက်ပေးရမလဲ"

"လေးထောင်"

"ဟာ ... မများ ဘူးလား၊ ကျွန်တော် ဘကြီးမှာ လိုက်တာ တစ်ထောင်ထက် ပိုမပေးရဘူးတဲ့ "

"ဩော် ... မင်းဘကြီးက ဆန်တစ်ပြည် ဆယ့်နှစ်ကျပ်ခေတ်က ရန်ကုန်ရောက်ဖူးတာထင်တယ်၊ အခု ခေတ်အဆက်ဆက် ပြောင်းလို့ ဒီမိုကရေစီခေတ် ရောက်နေပြီကွ လေးထောင်ဆိုတာ ပုံမှန်ဈေးပဲ"

"နည်းနည်းလောက် မလျှော့တော့ဘူးလား"

"တောသားကပ်စေးနှဲနဲ့ လာတွေ့နေတယ်ကွာ၊ မင်းနဲ့ ပြောနေရတာ အချိန်ကုန်တယ်၊ ငါ့ဘာသာ တခြားပါစင်ဂျာပဲ ရှာတော့မယ်"

ထိုလူ စိတ်မရှည်စွာ သူ့အနားက ထွက်သွားသည် ။ တောသားကို လူလည်လုပ်လို့ မရတာ ဒီလူ သဘောပေါက်သွားတာဖြစ်မည်။

"ဒီမှာ "

"ဟေ"

တစ်ယောက်က လက်တို့ ခေါ်ပြီး သူ့အနားကပ်၍

"ကျွန်တော် အစ်ကိုပြောတဲ့ တစ်ထောင်နဲ့ လိုက်ပို့မယ်"

"ဟေ တကယ်လား"

"တကယ်ပါ၊ ဟိုနားမှာ ကားရပ်ထားတယ်၊ ပေးလေ အစ်ကို့အိတ် ကျွန်တော်ဆွဲခဲ့မယ်"

"ရပါတယ်ကွာ၊ ငါ့အိတ်ငါ့ဘာသာဆွဲပါ့မယ် မင်းရှေ့ကသာ သွားပါ"

"ဟုတ်ကဲ့ လာပါအစ်ကို"

အိတ်ကို လူလည်လုပ် ဘတ်ပြေးမှာ စိုး၍ သူလုံး၀မပေး။ မြို့သား တွေ လူလည်လုပ်တာခံမည့်ကောင်မှ မဟုတ်တာ။

ပိုက်ဆံမတန်မရာ လိမ်ညာတောင်းလို့ မရဘူးဆိုတာ တစ်ယောက် ကတော့ အမြင်မှန်ရကာ လစ်သွားသည် ။ ဒီတစ်ယောက်ကတော့ ဈေး လျှော့၍ ကျိုးနွံခယပြီးကို ခေါ်နေတာ ဖြစ်၏။

"တက်ပါ အစ်ကို"

ကားပေါ်တက်မည်လုပ်တော့ ဒရိုင်ဘာနေရာမှာ တစ်ယောက်ရှိနေ၏။

"ဟာ… မင်းမောင်းမှာ မဟုတ်ဘူး လား"

"မောင်းမှာ က သူပါအစ်ကို၊ ကျွန်တော်က လူရှာပေးတာ"

"မင်းကတော့လုပ်ပြီ"

"ကျွန်တော်ပါ လိုက်မှာ ပါ အစ်ကိုရ"

စိတ်ထဲ ကသိကအောက်တော့ ဖြစ်သွားသည် ။ ဒါပေမဲ့လည်း ကားပေါ်ရောက်နေပြီဆိုတော့ မထူးတော့။ အိမ်ပေါင်၍ ယူလာခဲ့သော ငွေတစ်သိန်းကို လက်ဆွဲအိတ်ရဲ့ အောက်ဆုံးမှာ အင်္ကျီနှင့် အထပ်ထပ် ပတ်၍ ထည့်လာတာမို့ အိတ်ကိုသာ ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်သည် ။

"အစ်ကို့အိတ်ကြီးက ပေါင်ပေါ်တင်ထားတာ မညောင်းဘူးလား။ ဘေးမှာ ချထားပါလား"

"ရပါတယ်ကွာ အဝတ်အစား သုံးလေးစုံပဲပါတာ မလေးပါဘူး"

"ငွေတွေ ဘယ်လောက်ပါလို့ အိတ်ကို ဒီလောက်ဂရုစိုက်နေတာလဲ"

"ငွေ… မ… မပါပါဘူးကွ၊ ရန်ကုန်မှာ အလုပ်လုပ်ဖို့ တက်လာတာ၊ ခရီးစရိတ်လောက်ပဲ ပါတာပါ"

"အဲဒီပါတဲ့ ခရီးစရိတ်လေး ကျွန်တော်တို့ ကို စွန့်ခဲ့ပါလား"

"ဘာကွ"

"ကျို"

ကားကရပ်သွားပြီး ခါးကြားမှာ တစ်ခုခုနှင့် အထိုးခံရသလို စူးခနဲဖြစ်သွားတာမို့ သူကျယ်ကျယ် မအော်လိုက်နိုင်။ တကယ်ကို အောက်တန်း

ကျကျ လူလည်လုပ်မည့်လူတွေနှင့် လာတွေ့နေတာပါလား။

“မင်း ... မင်းတို့ ဒါဘာလုပ်တာလဲ”

“ဒဏ်ရာ အနာတရမဖြစ်ချင်ရင်၊ အဲဒီအိတ်ထားခဲ့ပြီး ကားပေါ်က မြန်မြန်ဆင်းတော့”

“ဟာ ... မင်းတို့ အောက်တန်းကျလှချည်လား ကိုယ့်ဘာသာ ရိုးရိုးသားသား ကားမောင်းစားပြီး တန်ရာတန်ကြေးရရင် တော်ပြီပေါ့”

“တစ်ထောင်က တန်ရာတန်ကြေးလား၊ လိုင်းကားတိုးစီးရင်တောင် အဲဒီလောက်ကျတယ်”

“နှစ်ထောင်ပေးမယ်ကွာ”

“နိုး”

“ဟိုလူတောင်းသလို လေးထောင်ဆိုရင်ရော”

“အဲဒီလေးထောင်ရဖို့ ခင်ဗျားဆီက ချော့ချော့မော့မော့ တောင်းနေတာ မဟုတ်ဘူး ။ ခင်ဗျားပါလာသမျှကို လိုချင်တာ၊ ကြာတယ်ဗျာ ဆင်းတော့”

“အား”

ဘာနှင့် အထိုးခံရမှန်းမသိဘဲ၊ တော်တော်လေးကို နာကျင်သွား၏။ ဗိုက်ကိုလှန်ကြည့်လျှင် သွေးတောင်ထွက်နေလောက်သည် ။

သူအမိုက်ခံပြီး အိတ်ကိုဖက်တွယ်ထားလျှင် အသက်အန္တရာယ်တောင် အာမခံနိုင်တော့မည်မထင်။

“ကဲ”

“အား”

ကားတံခါးကို ဖွင့်ကာ ဆောင့်တွန်းခံလိုက်ရ၍ ကားပေါ်ကနေ ပစ်ကျသွားသည့်အချိန်မှာ ကားကဝူးခနဲမောင်းထွက်သွားသည် ။ တကယ်ကို စာနာစိတ်မရှိ၊ လူစိတ်မရှိသည့် ကောင်တွေပါလား။

"အား ကျွတ်ကျွတ်"

ဗိုက်ကလည်း သွေးစို့နေသလို၊ ပေါင်လည်း တော်တော်အောင့်မျက်သွားသည် ။

"ဟူး ... တော်ပါသေးရဲ့ "

အိတ်ကပ်ကိုစမ်းမိတော့ ငွေနှစ်ထောင်နှင့် မှတ်ပုံတင်ရှိနေသေးသည် ။ မောင်ပုနေသော လိပ်စာက မှတ်ပုံတင်ထည့်သော အိတ်ထဲမှာ မပျောက်မပျက်။ ဒါလေးပါယူမသွား၍ မောင်မင်းကြီးသား သူတော်ကောင်းတွေကို ကျေးဇူးတင်ရသေး၏။

ဒီလောက်ငွေနှင့်ဆို မောင်ပုဆီရောက်အောင် သွားနိုင်မှာ ပါ။

ရန်ကုန်ရွှေမြို့တော်ကြီးက ကြိုဆိုလိုက်ပုံကတော့ တကယ်ကို မှတ်မှတ်ရရ ...။

*